MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်

**၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အဆိုပြုထားသည့် အမြတ်ဝေစု၊ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက်တို့အား အသိပေးကြေညာခြင်း**

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အဆိုပြုအမြတ်ဝေစု ပမာဏ ကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှ သာမန်အစုရှယ်ယာ တစ်စုလျှင် ကျပ် (၁၅၀) နှုန်းခွဲဝေရန် ဆုံးဖြတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ (၁၃) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့တွင် ZOOM application ကို အသုံးပြု၍ online platform ဖြင့် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ (၁၃) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင်လည်း အစုရှယ်ယာရှင် များအား အဆိုပါအမြတ်ဝေစု ပမာဏကို ခွဲဝေပေးမည် ဖြစ်ကြောင်း အသိပေးကြေညာသွားမည် ဖြစ်ပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အနေ ဖြင့် အဆိုပါ အမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်များကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့အထိ အရောင်းအဝယ်ပြုလုပ်ထားပြီး ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်နေ့တွင် အမြတ် ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date) နေ့တွင်ရှိသော အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသော ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းများကို ၂၀၂၆ ခုနှစ်၊ ဇွန်လ (၂၆) ရက် (သောကြာနေ့)တွင် ထုတ်ပြန်ကြေညာသွားပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုခွဲဝေခြင်း**

| | ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်တွင် ကုန်ဆုံးသည့် ဘဏ္ဍာနှစ်အတွက် |
|---|---|
| အမြတ်ဝေစုခံစားခွင့်ရရှိရန် နောက်ဆုံးဝယ်ယူရမည့်နေ့ | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၉)ရက် (ဗုဒ္ဓဟူးနေ့) |
| အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၀)ရက် (ကြာသပတေးနေ့) |
| အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့် ရက် | ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက် (တနင်္လာနေ့) |
| အစုရှယ်ယာတစ်စုအတွက် အမြတ်ဝေစု | ကျပ် ၁၅၀ |
| စုစုပေါင်း အမြတ်ဝေစုခွဲဝေသည့် ပမာဏ | ကျပ် ၅၈၃၉.၃၇၂ သန်း |
| အမြတ်ဝေစုထုတ်ပေးမည့်ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက် |

* အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက် (Ex-dividend Date) ဆိုသည်မှာ ရန်ကုန်စတော့အိပ်ချိန်းမှ သတ်မှတ်ထားသည့် စာရင်းရှင်းခြင်းနှင့်ပေးချေခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း (T+3 Settlement) အရ အမြတ်ဝေစုရရှိရန်အတွက် နောက်ဆုံးဝယ်ယူရမည့်နေ့ရက်သည် အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date) မတိုင်မီ (၃)ရက် ဖြစ်ရပါမည်။ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက် (Record Date) မတိုင်မီ အလုပ်ဖွင့်သည့် ရှေ့(၂)ရက်မှစ၍ အစုရှယ်ယာဝယ်ယူပါက အဆိုပါ အစုရှယ်ယာအား ဝယ်ယူသူသည် ယခုအဆိုပြုထားသည့် အမြတ်ဝေစုကို ခံစားခွင့်ရရှိမည် မဟုတ်ပါ။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

** အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ်အတည်ပြုမည့်ရက် (Record Date) ဆိုသည်မှာ အဆိုပါနေ့ရက်တွင် အစုရှယ်ယာရှင်စာရင်း၌ မှတ်တမ်းဝင်သော အစုရှယ်ယာရှင်များသည် အစုရှယ်ယာရှင်ရရှိမည့်အခွင့်အရေးများ (အမြတ်ဝေစုနှင့် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် မဲပေးခွင့်) ကို ရရှိမည်ဖြစ်ပါသည်။

"Record Date" ၏ အဓိပ္ပာယ်အားပိုမိုသိရှိနားလည်နိုင်ရန် YSX ၏ ရှင်းလင်းချက်ကို https://ysx-mm.com/en/notice-27062016_01/ တွင်ဖတ်ရှုနိုင်ပါသည်။

ထွန်းလွင်

Board Secretary